MINISTRY OF HUMAN RIGHTS

အမျိုးသားညီညွတ်ရေးအစိုးရ | လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန

# Human Rights in Myanmar

အတွဲ ၁ အမှတ် ၅၉

၁ ဇွန် ၂၀၂၄

# “မြန်မာ့ ကျား/မတန်းတူရေးနှင့် နိုင်ငံရေး” အိုတာဝါ တက္ကသိုလ် စာအုပ်ထုတ်ဝေမှု ဝန်ကြီးအဖွဲ့ ပါဝင်ဆွေးနွေး

**မေ ၂၅**



ကနေဒါနိုင်ငံ၊ အိုတာဝါတက္ကသိုလ်၌ “Putting Women Up : Gender Equality and Politics in Myanmar” – “အမျိုးသမီးအခန်းကဏ္ဍ မြှင့်တင်ခြင်း : မြန်မာ့ ကျား/မ တန်းတူရေးနှင့် နိုင်ငံရေး” စာအုပ် မိတ်ဆက်ပွဲအား မေ ၂၃ ရက်က ပြုလုပ်ရာ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၊ လူ့အခွင့်အရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး ဦးအောင်မျိုးမင်း၊ ဒုတိယဝန်ကြီး ဦးအောင်ကျော်မိုး တို့ တက်ရောက်ပါဝင် ဆွေးနွေး ပေးခဲ့သည်။

ဆွေးနွေးမှုများ၌ မြန်မာ့တော်လှန်ရေးနှင့် နိုင်ငံရေး အခန်းကဏ္ဍ၌ အမျိုးသမီးများ ပါဝင်မှု အခြေအနေ၊ စာအုပ်တွင် ဖော်ပြထားသည့် တွေ့ရှိချက်နှင့် ဖော်ပြချက်များအပေါ် မှတ်ချက်ပေး ဆွေးနွေးမှု များလည်း ပါဝင်သည်။




မိဘပြည်သူများခင်ဗျာ...

မိမိကိုယ်တိုင် လူ့အခွင့်အရေး ချိုးဖောက်ခံရသည်ဖြစ်စေ၊ ကိုယ့်ပတ်ဝန်းကျင်မှာ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုတွေ ရှိနေသည်ဖြစ်စေ ထိရောက်တဲ့ အရေးယူမှု၊ တရားမျှတမှု ဖော်ဆောင်နိုင်ဖို့ အမျိုးသား ညီညွတ်ရေးအစိုးရ – NUG ရဲ့ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန – MOHR ကို တိုင်ကြားနိုင်ပါတယ်။

တိုင်ကြားတဲ့အခါ တိကျခိုင်လုံတဲ့ သတင်းအချက်အလက်တွေ ဖြစ်ဖို့က အရေးကြီးတာကြောင့် မိဘပြည်သူတို့အနေနဲ့ ပေးပို့တိုင်ကြားရာမှာ -

- မည်သူ/မည်သည့်အဖွဲ့အစည်းက ကျူးလွန်ပါသလဲ?
- မည်သူ/မည်သူတွေက ကျူးလွန်ခြင်းခံရပါသလဲ?
- ဘယ်နေရာမှာဖြစ်ပွားခဲ့တာလဲ?
- ဘယ်အချိန်မှာဖြစ်ပွားခဲ့ပါသလဲ?
- ဘာတွေကို ကျူးလွန်ခဲ့တာပါလဲ?
- ဘယ်လိုမျိုး ကျူးလွန်ခဲ့ပါသလဲ?

စတဲ့ အချက်အလက်တွေ တတ်နိုင်သမျှ တိတိကျကျ ပါရှိဖို့ လိုအပ်ပါတယ်။

MOHR အနေနဲ့ ရရှိလာတဲ့ တိုင်ကြားမှုမှတ်တမ်းတွေကို စနစ်တကျ စုစည်းပြီး တရားမျှတမှုရရှိဖို့အတွက် အစွမ်းကုန် ကြိုးစားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ပေးပို့တိုင်ကြားရာမှာ လူ့အခွင့်အရေးဝန်ကြီးဌာန – MOHR ရဲ့ Facebook Page ၊ ဒါမှမဟုတ် email လိပ်စာ ဖြစ်တဲ့ report@mohr.nugmyanmar.org ကို ဆက်သွယ် ပေးပို့တိုင်ကြားနိုင်ပါတယ်။

## မေလ ၁၆ ရက်နေ့မှ ၃၁ ရက်အတွင်း လူ့အခွင့်အရေးချိုးဖောက် ခံရမှုများကို မှတ်တမ်းတင်နိုင်မှုအခြေအနေ



# မေလ ၁၆ ရက်နေ့မှ ၃၁ ရက်နေ့ထိ အကြမ်းဖက်စစ်အုပ်စု၏ တိုင်းနှင့် ပြည်နယ် အလိုက်လူ့အခွင့်အရေးချိုးဖောက်မှုများ




# မြန်မာ့ပဋိပက္ခ ပိုဆိုးလာနေကြောင်း အီးယူနှင့် နိုင်ငံကိုးနိုင်ငံ ကြေညာချက်ထုတ်

**မေ ၂၄**

မြန်မာနိုင်ငံအတွင်း ပဋိပက္ခများ ပိုမိုဆိုးဝါးလာကာ အရပ်သားပြည်သူများ ပိုမိုထိခိုက်ခံစားနေရသည့်အပေါ် အထူးစိုးရိမ်ကြောင်း ဥရောပသမဂ္ဂနှင့် အမေရိကန် အပါအဝင် နိုင်ငံကိုးခုက မေ ၂၄ ရက်တွင် ပူးတွဲကြေညာချက် ထုတ်ပြန်လိုက်သည်။

ကနေဒါ၊ ဩစတြေးလျ၊ တောင်ကိုရီးယား၊ မယ်လ်တာ၊ နယူးဇီလန်၊ နော်ဝေ၊ ဆွစ်ဇာလန်နှင့် ဗြိတိန်နိုင်ငံတို့ပါ ပါဝင်သည့် ယင်း ကြေညာချက်၌ မြန်မာနိုင်ငံအတွင်း၌ ဆေးရုံ၊ ကျောင်း အပါအဝင် အရပ်သားပြည်သူများအပေါ် အကြမ်းဖက်စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှု၊ အရပ်သားများအပေါ် နှိပ်စက်သတ်ဖြတ်မှု၊ အမျိုးသမီးနှင့် ကလေးများအပေါ် လိင်ပိုင်းဆိုင်ရာ စော်ကားမှုများကို ဖော်ပြထားကာ လူသားချင်းစာနာမှု အကူအညီများ လိုအပ်နေကြောင်း၊ အကြမ်းဖက်စစ်အုပ်စု၏ စစ်မှုထမ်းဥပဒေ ပြဋ္ဌာန်းကျင့်သုံးမှုနှင့် ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်အတွင်း လူအမြောက်အမြား နေရပ် ပြောင်းရွှေ့နေရမှုများကို အထူးစိုးရိမ်ပူပန် ကြောင်း ဖော်ပြထားသည်။

ယင်းဖြစ်စဉ်များနှင့် ပတ်သက်၍ တာဝန်ခံမှု ရှိရန် လိုအပ်ကာ အကြမ်းဖက်စစ်အုပ်စုအား လေယာဉ်ဆီ အပါအဝင် လက်နက်

တင်ပို့ရောင်းချမှုများ ရပ်တန့်ကြရန် နိုင်ငံတကာသို့ တောင်းဆိုထားသည်။

# ကနေဒါ၊ တိုရန်တိုတွင် နွေဦးရန်ပုံငွေပွဲ ပြုလုပ်

**မေ ၂၅**




ကနေဒါနိုင်ငံ၊ တိုရန်တိုမြို့တွင် နွေဦးတော်လှန်ရေး အထောက်အကူပြု ရန်ပုံငွေပွဲနှင့် မြန်မာ့ရိုးရာ နှစ်သစ်ကူးပွဲအား မေ ၂၅ ရက်က ပြုလုပ်ရာ အမျိုးသားညီညွတ်ရေး အစိုးရ (NUG)၊ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်း၊ ဒုတိယဝန်ကြီး ဦးအောင်ကျော်မိုးတို့ ပါဝင်တက်ရောက် အားပေးခဲ့သည်။



အခမ်းအနားအား Burma-Canadian Association of Ontario (BCAO) က ပြုလုပ်ခြင်းဖြစ်ကာ တိုရန်တိုမြို့ Councilor Anthony Perruzza နှင့် တိုရန်တိုရောက် မြန်မာပြည်ဖွား တိုင်းရင်းသားများ၊ စိတ်ပါဝင်စားသူများပါ ပါဝင်ခဲ့သည်။ ရန်ပုံငွေပွဲသို့ ကနေဒါ လွှတ်တော်အမတ်များကလည်း ရုပ်သံဗီဒီယို ပေးပို့ခြင်းဖြင့် ဂုဏ်ပြုပါဝင်ပေးသည်။










# မြန်မာ့အရေးအတွက် ကနေဒါ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဌာန လွှတ်တော်အတွင်းဝန်နှင့် ဆွေးနွေး

မေ ၂၄

နိုင်ငံအတွင်း အာဏာလုယူထားသည့် အကြမ်းဖက် စစ်အုပ်စုက ကျူးလွန်နေသည့် လူ့အခွင့်အရေးကိစ္စရပ်များ မှတ်တမ်းတင်ထားမှုနှင့် တရားမျှတမှု ဖော်ဆောင်ရေး အပါအဝင် မြန်မာ့အရေးအတွက် ကနေဒါနိုင်ငံ၊ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ လွှတ်တော်အတွင်းဝန် Ms. Anita Vandenbeld နှင့် အမျိုးသားညီညွတ်ရေးအစိုးရ ၊ လူ့အခွင့်အရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ကျော်မိုးတို့ မေ ၂၄ ရက်က အော်တိုဝါမြို့ လွှတ်တော်အတွင်းဝန် ရုံးခန်း၌ တွေ့ဆုံဆွေးနွေးခဲ့သည်။

တွေ့ဆုံမှုအတွင်း ဝန်ကြီးဌာန အကြံပေးများပါ ပါဝင်ခဲ့ကာ အရပ်သားများ ကာကွယ်ပေးရေး၊ လူသားချင်းစာနာထောက်ထားမှု အကူအညီ ပံ့ပိုးပေးရေး၊ ဒေသန္တရ အုပ်ချုပ် ရေး ဖော်ဆောင်မှု အခြေအနေများကိုပါ ထည့်သွင်း ဆွေးနွေးခဲ့သည်။

# “သွေးအေးအေးနဲ့ သတ်ဖြတ်ခဲ့တာ”

“အမှန်တကယ် သေဆုံးတာကတော့ ကျွန်တော်တို့ နောက်ဆုံးရတဲ့သတင်းအရ ၃၄ ယောက် ဖြစ်ပါတယ်။ အမျိုးသမီး အပါအဝင်ပေါ့နော်၊ အမျိုးသမီးနှစ်ဦး အပါအဝင်။ ဘာကြောင့်လဲဆိုတော့ စစချင်းနေ့မှာ သူတို့ လာရောက်ပစ်ခတ်တယ်၊ နောက် ဖမ်းဆီးပြီး တော့ သတ်ဖြတ်မှုကြောင့် ၃၂ ဦး သေဆုံးပါတယ်။ နောက်တစ်ရက်မှာပဲ နောက်ထပ်တစ်ဦးက ဒဏ်ရာနဲ့ သေဆုံးပြီးတော့ ၁၃ ရက် နေ့မှာ နောက်ထပ်တစ်ဦး သေဆုံးတဲ့အတွက် သေဆုံးသူအားလုံးပေါင်း ၃၄ ဦး ဖြစ်ပါတယ်။ အဲဒီလိုမျိုး သေဆုံးတဲ့အလောင်းတွေရဲ့ အခြေအနေကို ကြည့်ရတဲ့အခါမှာ ပုန်းအောင်းနေတဲ့ သူတွေကို ဘုန်းကြီးကျောင်းကနေ ခေါ်ထုတ်ပြီးတော့ ဦးခေါင်းကို သေနတ်နဲ့ ချိန်ပြီး အနီးကပ်ပစ်ခတ်တဲ့ ဒဏ်ရာသက်သေ အထောက်အထားတွေ တွေ့ရပါတယ်။ တချို့နတည်းမှာတင် အဲဒီမှာ ရှိနေတဲ့ တခြားရွာသူ ရွာသားတွေကိုလည်း ဖမ်းဆီးသွားတယ်။ အဲဒါနဲ့ ပတ်သက် လို့ ပြန်လွှတ်လား၊ မလွှတ်လားဆိုတဲ့အချက်တော့ မရ သေးဘူး။ ဒါပေမဲ့ လုပ်ဆောင်ချက်ကို တွေ့ရတဲ့အချိန်ကတော့ နှစ်ဖက်ကနေ ညှပ်ပြီးတော့ ရွာကို တိုက်ခိုက်တာပေါ့နော်။ တစ်ခုကတော့ မြင်းမူမြို့နယ် ရွာဘက်ကနေ ဝင်လာတယ်။ ဝင်လာတဲ့နေရာမျိုးမှာ ခမရ ၁၃ ကော၊ ရှေ့တန်းမှာ ရှိတဲ့ တပ်ရင်း ၉၀၉ နှစ်ခုကနေ ပူးပေါင်းတဲ့ အင်အား ၄၀ က တစ်ဖက်၊ နောက်တခါ တခြား ရေဦးဘက်ကနေ ဝင်လာတဲ့ စစ်ကြောင်း၊ နောက်ထပ် ၃၀ က တစ်ဖက်၊ နှစ်ခုပေါင်းပြီး၊ လက်နက်ကြီးနဲ့ပစ်ခတ် ပြီးတော့ တိုက်ခိုက်ခဲ့တယ်။ သွေးအေးအေးနဲ့ သတ်ဖြတ် ခဲ့တာကို တွေ့ရပါတယ်ဗျ”

- **ဦးအောင်မျိုးမင်း (ပြည်ထောင်စုဝန်ကြီး၊ လူ့အခွင့်အရေး ဆိုင်ရာဝန်ကြီးဌာန၊ အမျိုးသားညီညွတ်ရေး အစိုးရ – NUG)** ***(လက်ထုတ္တေ့ာမှာ စစ်ကောင်စီတပ် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုနှင့် စကစဒရုန်း အန္တရာယ် ဘယ်လိုကာကွယ်နိုင်မလဲ ၊ Human Rights Barometer – Episode 40 ကောက်နုတ်ချက်) (ယင်းအစီအစဉ်အား ဝန်ကြီးဌာနနှင့် မဇ္ဈိမသတင်းဌာနတို့ ပူးပေါင်းကာ ထုတ်လွှင့်နေခြင်း ဖြစ် သည်။***

# Human Rights Lens အစီအစဉ်အား ဝန်ကြီးဌာနနှင့် DVB နှင့် ပူးပေါင်း၍ စတင်ထုတ်လွှင့်

**မေ ၂၄**

အကြမ်းဖက်စစ်အုပ်စုက ကျူးလွန်ခဲ့သည့် စစ်ရာဇဝတ်မှု များ၊ အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာမှု ဥပဒေ ချိုးဖောက်မှုများ အား ဝေဖန်ဆန်းစစ်ရန် ရည်ရွယ်ချက်ဖြင့် “Human Rights Lens” – “လူ့အခွင့်အရေး အဝေးမြင် အနီးမြင်” အစီအစဉ်အား စတင်ထုတ်လွှင့်နေပြီ ဖြစ်သည်။ အစီအစဉ် အပိုင်း (၁) အဖြစ် “ပဇီကြီးရွာ ၁၀၀၀” အမည် ဖြင့် ၂၀၂၃ ခုနှစ် ဧပြီ ၁၁ ရက်က စစ်ကိုင်းတိုင်း၊ ပဇီကြီး ကျေးရွာအား လေကြောင်းသုံး တိုက်ခိုက်ခဲ့သည့် အကြမ်း ဖက်စစ်အုပ်စု၏ စစ်ရာဇဝတ်မှု အကြောင်းအား စတင် ထုတ်လွှင့်ပြီ ဖြစ်သည်။ Human Rights Lens အစီအစဉ် အား နှစ်ပတ်တစ်ကြိမ် ထုတ်လွှင့်သွားမည် လည်း ဖြစ်သည်။

# မြန်မာ့အရေးအတွက် တိုရန်တိုတက္ကသိုလ် ဒုဥက္ကဋ္ဌ၊ ကနေဒါသုတေသန အဖွဲ့များအား ပြည်ထောင်စုဝန်ကြီး တွေ့ဆုံ

**မေ ၂၂**



ကနေဒါနိုင်ငံ၊ တိုရန်တိုမြို့၊ တိုရန်တို တက္ကသိုလ်တွင် မြန်မာ ကျောင်းသားများ ဆက်လက် ပညာသင်ကြားရေး အတွက် ကူညီနိုင်မည့် နည်းလမ်းများအတွက် အမျိုးသား ညီညွတ်ရေး အစိုးရ (NUG) ၊ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်းသည် မေ ၂၂ ရက် တက္ကသိုလ် ဒုတိယဥက္ကဋ္ဌ (နိုင်ငံတကာရေးရာ) Mr. Joseph Wong နှင့် တွေ့ဆုံ ဆွေးနွေးခဲ့သည်။

တွေ့ဆုံမှု၌ ကျောင်းသားအရေးအပြင် မြန်မာ့ရွှေဦး တော်လှန်ရေးအတွက် အထောက်အကူပြုနိုင်မည့် ပူပေါင်း ဆောင်ရွက်မှုဆိုင်ရာ ကိစ္စများကိုလည်း ပွင့်လင်းစွာ အပြန် အလှန် ဆွေးနွေးခဲ့သည်။

မေ ၂၁ ရက်ကလည်း Myanmar Policy and Community Knowledge Hub (My-Pack) မှ သုတေသီများနှင့် ယင်းတက္ကသိုလ် Munk Schoool of Global Affair and Public Policyတွင် တွေ့ဆုံထားသည်။

တွေ့ဆုံစဉ်အတွင်း My-Pack သုတေသီများက ၎င်းတို့ ပြုလုပ်နေသည့် သုတေသန လုပ်ငန်းစဉ်များ၊ ကနေဒါ နိုင်ငံ၏ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားရေးမူဝါဒ ဖြစ်ထွန်း တိုးတက်မှု

များအား ရှင်းလင်းပြခဲ့သည်။ ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနနှင့် My-Pack အကြား စဉ်ဆက် မပြတ် ပူးပေါင်းဆောင်ရွက်မှုများဖြင့် မြန်မာနိုင်ငံ ဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရေးအပေါ် အထောက် အကူဖြစ်စေမည့် နည်းလမ်းများအား တုံ့ပြန်ဆွေးနွေး သည်။

# ကနေဒါ မြေပေါ်က NUG လူထုတွေ့ဆုံပွဲများ



"ဒီမိုကရေစီ ထွန်းကားသောနှင့် ခွဲခြားမှု ကင်းရှင်းစွာဖြင့် အများပါဝင်နိုင်သော မြန်မာပြည်ကို ပုံဖော်ခြင်း" - " Charting Democratic and Inclusive Myanmar" အမည်ဖြင့် လူထုတွေ့ဆုံပွဲအား မေ ၁၈ ရက်က ကနေဒါနိုင်ငံ၊ ဗန်ကူးဗားမြို့၊ ဗြိတိသျှ ကိုလမ်ဘီယာတက္ကသိုလ် (University of British Columbia" တွင် ပြုလုပ်ရာ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၊ လူ့အခွင့်အရေးဆိုင်ရာ ပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်းကိုယ်တိုင် ပါဝင် တက်ရောက်ခဲ့သည်။

ယင်းတွေ့ဆုံပွဲသို့ ကနေဒါရောက် မြန်မာတိုင်းရင်းသားအင်အားစုများ၊ သုတေသီများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ကာ မြန်မာ့အရေးဆိုင်ရာ သိလိုသည်များကို ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးသည်။



တိုရန်တိုမြို့၊ တိုရန်တို တက္ကသိုလ် (University of Toronto) Bahen Center ၌လည်း မေ ၂၀ ရက်က အမျိုးသား ညီညွတ်ရေးအစိုးရ (NUG) က လုပ်ဆောင်နေသည့် အခြေအနေ၊ တိုးတက်မှုများနှင့် ပတ်သက်သည့် လူထုတွေ့ဆုံပွဲအား ပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး ကိုယ်တိုင် ပါဝင်ခဲ့သည်။ ဆွေးနွေးမှုများအတွင်း မြန်မာနိုင်ငံ ဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရေးလုပ်ငန်းစဉ်၌ ကနေဒါရောက် မြန်မာပြည်ဖွားတိုင်းရင်းသားများ လုပ်ဆောင်နိုင်မည့် အခန်းကဏ္ဍများနှင့် ပတ်သက်၍လည်း အကြံပြု ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

# ကနေဒါလွှတ်တော် Parliamentary Friends of Burma Groupနှင့် ဒုဝန်ကြီး မြန်မာ့အရေး တွေ့ဆုံ

မေ ၂၃

အကြမ်းဖက်စစ်အုပ်စုအား ပိတ်ဆို့အရေးယူမှု ပိုမိုထိရောက်ရေးအပါအဝင် မြန်မာ့အရေးနှင့် ပတ်သက်၍ ကနေဒါလွှတ်တော် Parliamentary Friends of Burma Group - PFBG နှင့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၊ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ကျော်မိုး တို့ မေ ၂၃ ရက်က ကနေဒါနိုင်ငံ၊ အော်တိုဝါမြို့ရှိ Parliament Hill ခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

PFBG ဘက်မှ ပူးတွဲဥက္ကဋ္ဌများဖြစ်သည့် Hon. Adam Chambers နှင့် Garnett Genius တို့ ပါဝင်တက်ရောက်ကာ ဝန်ကြီးဌာနဘက်မှ အကြမ်းဖက်စစ်အုပ်စု ကျူးလွန်နေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများ မှတ်တမ်းတင်ရေးနှင့် တရားမျှတမှု ဖော်ဆောင် ရေး၊ လူသားချင်း စာနာထောက်ထားမှု အကူအညီများ ပံ့ပိုးရေး၊ ပဋိပက္ခဒေသများ၌ အမျိုးသမီးနှင့်



ကလေးသူငယ်များ ငြိမ်းချမ်းရေး၊ လုံခြုံရေးအတွက် ပံ့ပိုးမှု လိုအပ်နေမှုများအပြင် ဒေသတွင်း ဖြစ်ပေါ်နေသည့် လုံခြုံရေးအခြေအနေများကိုပါ ဆွေးနွေးခဲ့သည်။

ယင်းဆွေးနွေးမှုအပြီး “မြန်မာနိုင်ငံအတွက် အများပါဝင်မှုရှိသော ဒီမိုကရေစီ အနာဂတ်ဆီသို့” အမည်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကို ဆက်လက်ပြုလုပ်ခဲ့ရာ ကနေဒါ အထက်လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ရှိသူများ၊ ကနေဒါရောက် မြန်မာပြည်ဖွား တိုင်းရင်းသားများ၊ ကနေဒါ အရပ်ဘက်အဖွဲ့အစည်းများ၊ ပညာရှင်များအပြင် မြန်မာ့အရေး စိတ်ဝင်စားသူများပါ တက်ရောက်ခဲ့ကြသည်။

# “ခေါင်းဆောင်မှု”

“ရိုဟင်ဂျာတွေရဲ့ ခေါင်းဆောင်က ဘယ်သူလဲ ? ရိုဟင်ဂျာတွေ ခေါင်းဆောင်မဲ့နေကြတယ် ဦးစီးဦးဆောင် မရှိကြ ဆိုတဲ့ ပြောဆိုသုံးသပ်မှုတွေကို လတ်တလော ကြားနေရပါတယ်။ လိုရင်းပြောရရင် ရိုဟင်ဂျာတွေမှာ ခေါင်းဆောင် မရှိတာ မဟုတ်ဘူး။ ခေါင်းဆောင်ဆိုသူတွေ များနေခြင်းသာ ဖြစ်ပါတယ်။

ဆိုတော့ များပြားလှတဲ့ ခေါင်းဆောင်ဆိုသူတွေထဲက ရိုဟင်ဂျာပြည်သူတွေအနေနဲ့ ဘယ်သူ့နောက်လိုက်မလဲ ? ဘယ်ဦးဆောင်မှု နောက်လိုက်မလဲ ? ဘယ်လမ်းစဉ်အနောက် လိုက်သင့်လဲ ?

- ❖ (၁) အမှန်တရားအပေါ် အခြေခံတဲ့ ဦးဆောင်မှု
- ❖ (၂) တရားမျှတမှုကို ဆောင်ကြဉ်းပေးနိုင်မယ်လို့ ယုံကြည်ရတဲ့ ဦးဆောင်မှု
- ❖ (၃) ရိုဟင်ဂျာတွေရဲ့ ဝိသေသလက္ခဏာနဲ့ တန်းတူညီမျှမှုကို အရ ယူပေးနိုင်မယ့် ဦးဆောင်မှု
- ❖ (၄) ငြိမ်းချမ်းရေးကို လိုလားပြီး ဒေသတွင်း တည်ငြိမ်ရေး၊ ပဋိပက္ခချုပ်ငြိမ်းရေးနဲ့ အတူနေ လူမျိုးအုပ်စုများ အချင်းချင်းကြား ချစ်ကြည်ရေးကို ဖော်ဆောင်ပေးနိုင်မယ့် ဦးဆောင်မှု
- ❖ (၅) ဒီမိုကရေစီကို ယုံကြည်ပြီး အနာဂတ်ဖယ်ဒရယ် ဒီမိုကရေစီနိုင်ငံသစ် ပေါ်ပေါက်ရေး ကြိုးပမ်းအားထုတ်မှု နိုင်ငံရေးဖြစ်စဉ်များအတွင်း ဝင်ဆန့်ပါဝင်ပြီး

ရိုဟင်ဂျာပြည်သူများကိုပါ တပါတည်း အခြားသော လူမျိုး၊ အင်အားစုများ နည်းတူ ကျရာတာဝန်ကို ကျေပွန်စေရန်၊

❖ (၆) နိုင်ငံရေးအမြော်အမြင် ရှိဖို့နဲ့ ပြည်တွင်းနိုင်ငံရေး အင်အားစုတွေနဲ့ ပေါင်းစပ်ညှိနှိုင်းနိုင်မှု၊

❖ (၇) နိုင်ငံရေးနောက်ခံသမိုင်းနဲ့ လူပုဂ္ဂိုလ်သမိုင်းကြောင်း ကောင်းမွန်မှု

ရိုဟင်ဂျာပြည်သူများအနေနဲ့ အထက်က(၇)ချက်ကို အခြေခံသင့်တယ်လို့ မြင်ပါတယ်။

ငါ (I) မိမိက လုပ်မှ အရေးကိစ္စတွေ ပြီးမယ်၊ ဖြစ်မယ်ဆိုတဲ့ စိတ်ကြီးဝင်နေမှုတွေကနေ ငါတို့ (We) မိမိတို့အားလုံး လုပ်မှရမယ် ဆိုတာမျိုး ပြောင်းလဲဖို့ အချိန်ဖြစ်ပါတယ်။ လွတ်လပ်မှု၊ တရားမျှတမှုတို့ကို လိုလားတောင်းတနေတဲ့ သန်းနဲ့ချီတဲ့ ရိုဟင်ဂျာပြည်သူတွေ ကံကြမ္မာကို ပြောင်းလဲဖို့ ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေကို ကျော်လွှားဖို့ ကောင်းမွန်တဲ့ ခေါင်းဆောင်ကောင်းတွေ ခေါင်းဆောင်မှုတွေ အပူတပြင်း လိုအပ်နေပါတယ်” - **ဦးအောင်ကျော်မိုး၊ ဒုတိယဝန်ကြီး၊ လူ့အခွင့်အရေးအဆိုင်ရာဝန်ကြီးဌာန၊ အမျိုးသားညီညွတ်ရေးအစိုးရ**

# “နေပူလှန်းထားတဲ့ ဓားစာခံတွေကို မီးရှို့သတ်တာပါ”

စစ်ကိုင်းတိုင်း၊ မော်လိုက်ခရိုင်၊ ဖောင်းပြင်မြို့နယ်၊ အင်းဝိုင်း ကျေးရွာအား ဖောင်းပြင်အထိုင် ခြေလျင် တပ်ရင်း ၃၆၇ နှင့် ၃၆၈ တပ်ရင်းမှ အင်အား ၁၅၀ ခန့်ဖြင့် မေ ၇ ရက်က ပစ်ခတ် ဝင်ရောက် စီးနင်းမှုအတွင်း အသက်မပြည့်သေးသည့် ကလေး ငယ်တစ်ဦး၊ ကိုယ်ဝန်ဆောင် အမျိုးသမီးတစ်ဦး အပါအဝင် အရပ်သား ခုနစ်ဦး သေဆုံးခဲ့သည်။

ပစ်ခတ် ဝင်ရောက်စီးနင်းမှုအား နံနက်အစောပိုင်း လေးနာရီ ခန့်တွင် ပြုလုပ်ခြင်းဖြစ်ကာ ဒေသခံ ခုနစ်ဦးအား ဖမ်းဆီး ပြီးနောက် အနီးကပ် သတ်ဖြတ်၊ မီးရှို့ အလောင်းဖျောက်ခဲ့ခြင်း ဖြစ်သည်။ ထို့ပြင် သုံးဦးမှာ ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ပြီး စုစုပေါင်း ၂၁ ဦးအထိ ထိခိုက်ဒဏ်ရာရရှိခဲ့ သည့်အပြင် လေကြောင်းမှပါ ဆက်လက်တိုက်ခိုက်ခဲ့သည့်အတွက် ကျေးရွာ ဘုန်းတော်ကြီးကျောင်းနှင့် မီးရှို့ခံရမှုကြောင့် ဒေသခံပြည်သူ များ၏ နေအိမ်များလည်း ပျက်စီးခဲ့ရသည်။

“မနက် (၄) နာရီမှာ လာဝိုင်းတယ်။ ရွာဘုန်းကြီးကျောင်းထဲမှာ စုလိုက်တယ်။ စုပြီးတော့ (၇) ယောက်ကို ဖမ်းထားပြီးတော့ လက်ပြန်ကြိုးတုပ်ပြီး ဘုန်းကြီးကျောင်းမျက်နှာစာမှာ တံတိုင်း အဖြစ် ကာထားပါတယ။ တံတိုင်းကာထားပြီးတော့ ရွာကို မီးရှို့မယ်ဆိုပြီး သူတို့ အကြမ်းဖက်စစ်အုပ်စုက ကြိမ်းပါတယ်။ အဲဒီလို ကြိမ်းတာကို PDF ကလေးတွေ သတင်းရသွားပြီးတော့ လာဝိုင်းပြီး အတင်းဝင်ရောက်ပစ်ခတ်ရပါတယ်။ သူပစ် ကိုယ်ပစ်ပြီးတဲ့အချိန်မှာ လူတွေအကုန်လုံး ကယ်ထုတ်လိုက် နိုင်ပါတယ်။ အဲဒီ ပြည်သူ့တွေထဲမှာ အဲဒီ (၇) ယောက်မပါပဲနဲ့ (၂၁) ယောက် ဒဏ်ရာရပါတယ်ဆရာ။ ဒဏ်ရာကြီးတာ (၃) ယောက်ပါ ပါတယ်။ လက်ပြန်ကြိုးတုတ်ပြီးတော့ ဓါးစာခံ လုပ်ထားတဲ့သူတွေက ဘုန်းကြီးကျောင်းကို လေယာဉ်နဲ့လာပြီး ဗုံးချပြီးဆိုပြီးတော့ မီးရှို့သတ်ဖြတ်လိုက်တာပါ။ ကိုယ်ဝန် ဆောင် အမျိုးသမီးပါတယ်။ အသက်(၁၃)နှစ်အရွယ်က မောင်သံလုံးပါ။ နောက် မောင်စိုးထက်ဦး၊ ဒေါ်လှသိန်း၊ ဦးသန်းလှ၊ ဇာဇာမြင့်၊ ဒေါ်ခင်စန်းအေး။ ပျောက်နေတာက ဦးတင်ကျော် အားလုံး(၇)ဦးပါ။ အရှင်ဖမ်းခံထားရတဲ့ ပြည်သူ တွေကို ရင်ဝကို သေနတ်နဲ့ဆောင့်ပြီးတော့ ထောင်းတဲ့ ဒဏ်ရာ တွေ၊ နှိပ်စက်တဲ့ဒဏ်ရာတွေ၊ မျက်လုံးတွေ ပေါက်ထွက် မတတ်ဖြစ်တာတွေ၊ ကျွန်မတို့မှာ ဓါတ်ပုံမှတ်တမ်းတွေ ရှိပါတယ်။

သတ်တာကတော့၊ နေပူလှန်းထားတဲ့ကလေးတွေကို မီးထဲကို ပြန်ရှို့တာပါ။ Airstrike လုပ်ပြီးတော့မှာ ဘုန်းကြီးကျောင်း မီးလောင်တဲ့အချိန်မှာ မီးထဲမှာ ပြန်ရှို့တာ လို့ပြောတယ်။ သူတို့ရဲ့ အလောင်းမှာ သွေးတွေရှိတယ်၊ သေနတ်နဲ့ပစ်တာ ဆရာ။ ဘုန်းကြီးကျောင်းကတော့ Airstrike လုပ်တဲ့ အချိန်မှာ

လုံးလုံးပျက်စီးသွားတယ်။ အိမ်တော်တော် များများကိုလည်း မီးရှို့သွားတယ်”

- ဒေါ်စန်းယုကြည်၊ လူသားစာနာ တာဝန်ခံ၊ ဖောင်းပြင်မြို့နယ်

*စစ်ကိုင်းတိုင်း၊ မော်လိုက်ခရိုင်၊ ဖောင်းပြင်မြို့နယ်၊ အင်းဝိုင်း ကျေးရွာအား အကြမ်းဖက်စစ်အုပ်စု လက်အောက်ခံ ဖောင်းပြင် အထိုင် ခြေလျင်တပ်ရင်း ၃၆၇ နှင့် ၃၆၈ တပ်ရင်းတို့က အင်အား ၁၅၀ ခန့်ဖြင့် မေ ၁၇ ရက်တွင် စစ်ကြောင်းထိုး ပစ်ခတ် ဝင်ရောက်ကာ ပြည်သူများအား သတ်ဖြတ်သည့်အပြင် လေကြောင်းမှပါ တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်နှင့် ပတ်သက်၍ မြို့နယ်၊ လူသားချင်းစာနာမှု ကူညီပေးရေး တာဝန်ခံ ဒေါ်စန်းယုကြည်အား ဆက်သွယ် မေးမြန်းခြင်း*

# စစ်တပ်အာဏာသိမ်းမှုကြောင့် ဖြစ်တည်လာသည့် ကိန်းဂဏန်းများ

## ၅,၁၆၁ (၁,၈၀၀)

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက် စစ်တပ်အာဏာလုမှုဖြစ်စဉ်အား ဆန့်ကျင်မှုကြောင့် ဖြစ်တည်လာသည့် နွေဦးတော်လှန်ရေး ကာလအတွင်း ၂၀၂၄ ခုနှစ် ဧပြီ ၂၉ ရက်အထိ ဒီမိုကရေစီ ရေးလှုပ်ရှားသူနှင့် ပြည်သူစုစုပေါင်း ၅,၁၆၁ ဦး သေဆုံးခဲ့သည်။ အတည်ပြုရန် လိုအပ်ကာ အမည်စုံစမ်းဆဲ သတ်ဖြတ်ခံရသူ ၁,၈၀၀ ဦး ဝန်းကျင်လည်း ရှိသည်။

## ၂၆,၇၈၈

အကြမ်းဖက်စစ်တပ်က အာဏာသိမ်းသည့်အချိန်မှ ၂၀၂၄ ခုနှစ် မေ ၃၀ ရက်အထိ နိုင်ငံရေး တက်ကြွလှုပ်ရှားသူနှင့် ပြည်သူ စုစုပေါင်း ၂၆,၇၈၈ ဦးအား ထိန်းသိမ်းခဲ့ပြီး ၂၀,၃၆၅ ဦးမှာ ဆက်လက်ထိန်းသိမ်းခံထားရဆဲ ဖြစ်သည်။ ယင်းအနက် ၉,၀၈၈ ဦးကို စစ်ကောင်စီလက်အောက်ခံ တရားရုံးများက မတရားပုဒ်မ မျိုးစုံဖြင့် ထောင်ဒဏ် ချမှတ်ထားသည်။

## ၁၆၇ - ၄၃

စစ်အာဏာသိမ်းမှု ဆန့်ကျင်သည့် နွေဦးတော်လှန်ရေးနှင့် ဆက်စပ်သည်ဟု စွပ်စွဲကာ စစ်ကောင်စီက သေဒဏ်ပေး သူပေါင်း ၁၆၇ ဦးအထိ ရှိသည်။ နွေဦးတော်လှန်ရေး လှုပ်ရှားမှုတွင် ပါဝင်မှုဖြင့် ျက်ကွယ်သေဒဏ် ချမှတ်ခံရသူ များတွင် မျက်ကွယ်သေဒဏ်ချမှတ်ခံရသူ ၄၃ ဦး ပါဝင်ကာ ၁၂၄ ဦးမှာ နိုင်ငံတစ်ဝန်း အကျဉ်းထောင်များ၌ ဆက်လက် ထိန်းသိမ်းခံထားရဆဲ ဖြစ်သည်။

## လေကြောင်း (မေ - ၅၂)

အကြမ်းဖက်စစ်အုပ်စုက နိုင်ငံတစ်ဝန်း လူသတ်၊ အကြမ်းဖက် မှုများအား ဆက်တိုက်ကျူးလွန်လျက်ရှိရာ ၂၀၂၄ ခုနှစ် မေ ၁ ရက်မှ ၃၀ ရက်အတွင်း နိုင်ငံတစ်ဝန်း လေကြောင်းသုံး တိုက်ခိုက်မှုကြောင့် အမျိုးသမီး ၂၂ ဦးနှင့် အမျိုးသား ၃၀ ဦး၊ စုစုပေါင်း ၅၂ ဦးအထိ သေဆုံးခဲ့ကာ မကွေးတိုင်းတစ်ခုတည်းမှ ၂၂ ဦးအထိ ပါဝင်သည်။ သေဆုံးသူများအနက် အသက် ၁၈ နှစ်အောက် ကလေးငယ် ခြောက်ဦးနှင့် အသက် ၆၀ နှစ် နှင့်အထက် သေဆုံးသူ ကိုးဦးအထိ ပါဝင်သည်။

## လက်နက်ကြီး (မေ - ၅၂)

အကြမ်းဖက်စစ်အုပ်စုက နိုင်ငံတစ်ဝန်း လူသတ်၊ အကြမ်းဖက် မှုများအား ဆက်တိုက်ကျူးလွန်လျက်ရှိရာ ၂၀၂၄ ခုနှစ် မေ ၁ ရက်မှ ၃၀ ရက်အတွင်း နိုင်ငံတစ်ဝန်း လက်နက်ကြီးသုံး တိုက်ခိုက်မှုကြောင့် အမျိုးသမီး ၂၉ ဦးနှင့် အမျိုးသား ၂၃ ဦး၊

စုစုပေါင်း ၅၂ ဦးအထိ သေဆုံးခဲ့ကာ ရခိုင်ပြည်နယ်တစ်ခုတည်းမှ ၁၃ ဦးအထိ ပါဝင်သည်။ သေဆုံးသူများအနက် အသက် ၁၈ နှစ်အောက် ကလေးငယ် ခြောက်ဦးနှင့် အသက် ၆၀ နှစ်နှင့်အထက် သေဆုံးသူ ကိုးဦးအထိ ပါဝင်သည်။

**ကိုးကား - AAPP**

